# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့ အစီအစဉ်

# [ ၂၄-၁-၂၀၁၄ ] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးညီညီမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်၏ **တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့် ပတ်သက်သည့် လိုလားချက်များအား နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးအောင်သန့်၊ ပုသိမ်ကြီး မဲဆန္ဒနယ်၏ Organic **သီးနှံစိုက်ပျိုးရေး စုံများ(သို့) Organic သီးနှံစိုက်ပျိုးသည့် မြို့ပြအသစ်များ တည်ထောင် ဆောင်ရွက်ပေးရန်နှင့် လက်ရှိ Organic Farming လုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **လယ်ယာမြေပိုင်ဆိုင်မှု အငြင်းပွားခြင်း၊ လျော်ကြေးငွေ ရရှိရေးတင်ပြခြင်း၊ သိမ်းဆည်းခံ ပလပ်မြေများ ပြန်လည်ရရှိရေး တောင်းခံခြင်းတို့ကို အစိုးရ အုပ်ချုပ်ရေးအပိုင်းမှ မည်သို့ ဖြေရှင်းဆောင်ရွက်မည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးခွန်သိန်းဖေ၊ ဟိုပုန်း မဲဆန္ဒနယ်၏ **ညောင်ရွှေအရှေ့ဘက် တောင်တန်းများပေါ်ရှိ ညောင်ရွှေ–လွယ်ခေါ်–အင်းနီ– သပြေကုန်း– သလဲဦး (၂၀) မိုင်ကို နိုင်ငံတော်မှ မြေသားလမ်း ဖောက်လုပ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( င ) ဦးသောင်းဟန်၊ ယင်းမာပင် မဲဆန္ဒနယ်၏ **ယင်းမာပင်မြို့နယ်အတွင်း ကိုယ်ထူကိုယ်ထဖောက်လုပ်ထားသော မြေသားလမ်းများအား နိုင်ငံတော်မှ ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်တွင် ဂျင်းကျောက်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( စ ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **ကျောင်းကုန်းမြို့နယ် အတွင်းရှိ အာဆင်းနစ်မြင့်မားသည့်ဒေသများ၌ အာဆင်းနစ် ကင်းလွတ်သည့် သောက်သုံးရေတွင်းများ တူးဖော်ပေးရန်နှင့် ယူနီဆက် အစီအစဉ်ဖြင့် တူးဖော်ပေးခဲ့သည့် အာဆင်းနစ်လွတ် သောက်ရေတွင်းများအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးစိုးအောင်၊ သဲကုန်း မဲဆန္ဒနယ်(ကိုယ်စား) ဦးတင်ထွေး၊ အုတ်ဖို မဲဆန္ဒနယ်၏ **သဲကုန်းမြို့တွင် ခွင့်ပြုချက် ရယူထားခြင်းမရှိသော ငါးမွေးကန် မည်မျှရှိပြီး ဆင်းရဲချို့တဲ့ ရေလုပ်သားများအတွက် ဘုံငါးဖမ်းကွက် သတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ဇ ) ဦးအောင်သိန်း၊ ရွာင် မဲဆန္ဒနယ်၏ **၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ ရွာင်၊ ပြဒါးလင်းဂူလမ်းအား အကောင်အထည်ဖော် ဖောက်လုပ်ပေးမည့် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက **"အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်း"** ကို တင်သွင်းခြင်း။

၇။ **"အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ က အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း။

၈။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့် **"အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်း"** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။